# ILBC ၏ နေအိမ်အခြေပြု သင်ကြားသင်ယူမှု ပေါ်လစီ
# ILBC Home-based Learning Policy

## ရည်မှန်းချက်များ (Mission)

(၁) အသက်အရွယ်အလိုက် သိရှိနားလည်ရမည့် ပညာတို့ကို စဉ်ဆက်မပြတ် ဖြစ်ထွန်းဖွံ့ဖြိုးနေစေရေး။
(၂) အချိန်နှင့်အမျှ ပြောင်းလဲနေသော ကမ္ဘာကြီး၏အခြေအနေတို့ကို မျက်ခြေမပြတ်သိရှိပြီး ပြောင်းလဲလိုက်ပါ ရှင်သန်အောင်မြင်နိုင်ရေး။
(၃) လူ့ဘောင်လောကအပေါ်တွင်ရှိသော မိမိတို့၏ လူမှုရေးတာဝန်များ ကျေပွန်စွာ ထမ်းဆောင်ရင်း မိမိကိုယ်ကို စောင့်ရှောက်ရမည့် လူမှုရေးတာဝန်များကိုပါ တစ်ပြိုင်နက် ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး။
(၄) ကမ္ဘာကြီး၏ အခြေအနေ မည်သို့ပင်ပြောင်းလဲနေစေကာမူ မိမိ၏အနာဂတ်ကို အောင်မြင်စွာ တည်ဆောက် နိုင်ရေး။

## ဦးတည်ချက်များ (Vision)

(၁) Home-based Learning အစီအစဉ်သည် စဉ်ဆက်မပြတ်လေ့လာရသည့် ကျောင်းသားဗဟိုပြု အစီအစဉ်ဖြစ်ရေး။
(၂) ကျောင်းသား၏ သင်ယူမှုမှ ကျောင်းသားအား ဘက်စုံဖွံ့ဖြိုးလာစေရေး။
(၃) ကျောင်းသား၏ ဦးနှောက်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ ကိုယ်ကာယပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေး ဆိုင်ရာဖွံ့ဖြိုးမှု (၃)မျိုးလုံး အားကောင်းလာစေရေး။
(၄) သင်ယူမှုအတွေ့အကြုံသည် စိတ်လှုပ်ရှားပျော်ရွှင်ဖွယ်ရာကောင်းပြီး ကျောင်းပရဝုဏ်သို့ လာရောက် သင်ယူခြင်းနှင့် Home-based Learningသင်ယူမှုတို့ ကောင်းစွာ အဆက်အစပ်ရှိရေး။
(၅) ယခင်ရှိခဲ့ပြီးသော သင်ယူမှုအတွေ့အကြုံကို အခြေခံ၍ Home-based Learning တွင်ကောင်းစွာ ဆက်လက်သင်ယူ နိုင်ရေး။
(၆) အတန်းဖော်သူငယ်ချင်းများနှင့် အတူတကွ ဆက်လက်၍ ကျောင်းပရဝုဏ်တွင် လာရောက် သင်ယူစဉ်ကဲ့သို့ ပျော်ရွှင်စွာ သင်ယူခွင့်ရရှိရေး။
(၇) အသက်အရွယ်အလိုက် ပြီးမြောက်အောင်မြင်ထားရမည့် အတန်းများကို ပြီးမြောက်အောင်မြင်ပြီး တက္ကသိုလ် အသီးသီးသို့ အရွယ်မလင့်ဘဲ ဆက်လက်တက်ရောက်ပညာဆည်းပူးနိုင်ရေး။
(၈) ပြင်ပကမ္ဘာကြီးအခြေအနေမည်သို့ပင်ရှိစေကာမူ ကျောင်းသားများသည် အတူတကွ အလုပ်လုပ်ကိုင် ပြောဆို ဆက်ဆံနိုင်သည့် သင်ယူမှုကမ္ဘာကို မိဘနှင့်ဆရာတို့ ပူးပေါင်းတည်ဆောက်၍ ကျောင်းသားများ အထီးကျန်ခြင်း မှ ကင်းဝေးစေရေး။

## ရည်ရွယ်ချက်များ (Aims and Objectives)

(၁) အသက်အရွယ်အလိုက် လေ့ကျင့်တတ်မြောက်ရမည့် သင်ခန်းစာများ ပြည့်စုံစွာ ဆောင်ရွက်ပြီး မြောက်နိုင်ရန်။

(၂) သင်ရိုးညွှန်းတမ်းကို လျှော့၍သင်ကြားခြင်းကြောင့် နောက်ဆက်တက်မည့်အတန်းများတွင် အခက်အခဲများ ဖြစ်လာမည်ကို ရှောင်ရှားနိုင်ရန်။

(၃) ကျောင်းမဖွင့်နိုင်သေးသော ကာလများတွင် လေ့ကျင့်ရမည့် သင်ခန်းစာများကို ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက စာသင်နှစ်တစ်နှစ်တွင် ကျန်ရှိသော ကာလအတွင်း စာသင်နှစ် တစ်နှစ်စာ သင်ခန်းစာများကို ချုံ့၍ သင်ကြားရခြင်းကို ရှောင်ရှားနိုင်ရန်။

(၄) အသက်အရွယ်အလိုက် တန်းစဉ်ဆက်လက်တက်ရောက်နိုင်ရေးအတွက် လိုအပ်သည့် လေ့လာ သင်ယူမှုများ ပြီးမြောက်ထားနိုင်ရန်။

(၅) ယနေ့အချိန်အခါမှစ၍ အနာဂတ်ကာလများတွင် အွန်လိုင်းမှ သင်ယူခြင်းသည် ရှောင်လွှဲ၍မရသည့် အခြေအနေဖြစ်လာနိုင်သည့်အတွက် အွန်လိုင်းမှ သင်ယူတတ်သော ကျောင်းသားများဖြစ်လာ စေရန်။

## ပိုမိုဆန်းသစ်လာသော သင်ယူမှု (New Learning Environment)

အသိပညာ၊ အတတ်ပညာများကို အွန်လိုင်းမှတဆင့် သင်ယူတတ်မြောက် နားလည်နိုင်သည့် အစွမ်းသည် ကလေးများ၏ အနာဂတ်အတွက် အရေးကြီးသည်ကို ILBC က ကောင်းစွာ သိရှိနားလည် ပါသည်။ ကျောင်းသားများအသုံးပြုသင်ယူမည့် နည်းစနစ်အမျိုးမျိုးကို စဉ်ဆက်မပြတ်ဖော်ဆောင်လျက် ရှိပါသည်။ ကျောင်း၏ အုပ်ချုပ်သူများ၊ ဆရာ၊ ဆရာမများသည် အွန်လိုင်းမှတစ်ဆင့် ကျောင်းသူ၊ ကျောင်းသားများ စဉ်ဆက်မပြတ် ဆက်လက် သင်ယူနိုင်မည့် အလွန်ကောင်းမွန်သော အစီအစဉ်များကို အောက်ပါ မူဝါဒ ပေါ်လစီများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## သဘာဝမတူကွဲပြားခြင်း (Differences)

အွန်လိုင်းတွင် သင်ကြား သင်ယူခြင်းသည် ပုံမှန်အတန်းများတွင် သင်ကြား သင်ယူသည့်ပုံစံနှင့် စိတ်ဝင်စား ဖွယ်ရာ အသစ်အဆန်းတစ်ခုအဖြစ် ခြားနားမှု ရှိပါသည်။ ဆရာ၊ ဆရာမများသည်လည်း ပုံမှန်သင်ရိုး ညွှန်းတမ်းတွင် သင်ကြား၍ ရရှိသော ရလဒ်များနှင့် တူညီမှုရှိစေရန် သင်ကြားပေးသွားမည် ဖြစ်ပါသည်။ သို့သော် ကျောင်းသားများ၏ ပါဝင်သင်ယူမှုပုံစံခြားနားပေလိမ့်မည်။

## တစ်ဦးချင်း အသုံးပြုနိုင်သည့် ပမာဏ (Individual Capacity Policy)

ILBC သည် အီလက်ထရွန်နစ် ဆက်သွယ်ရေးစနစ်မျိုးစုံကို သုံး၍ သင်ကြားပေးနိုင်သည့် Home-based Learning အစီအစဉ်တွင် ကျောင်းသားနှင့် ဆရာ တစ်ဦးချင်းစီအတွက် အချက်အလက်

သိမ်းဆည်းနိုင်မှု ပမာဏ (Cloud Space ) 1 Terabyte (1000 GB) သုံး၍ သင်ယူနိုင်ရန် ပြင်ဆင်ထားပြီး ဖြစ်ပါသည်။

## သင်ယူနိုင်သည့် ကျောင်းသားဦးရေ (User Volume Policy)

ILBC Home-based Learning အစီအစဉ်တွင် ကျောင်းသားဦးရေ (၁)သန်းအထိ လက်ခံ သင်ကြားပေးနိုင်ပါသည်။

## သင်ကြား သင်ယူမှုတွင် အသုံးပြုမည့် မီဒီယာများ (Media Policy)

ILBC Home-based Learning အစီအစဉ်ပေါ်တွင် Google Classroom, Zoom, Microsoft Teams အစရှိသည့် Video Conferencing Facilities များအပြင် အခြားသော အီလက်ထရောနစ် ဆက်သွယ်ရေးစနစ် မျိုးစုံကို အသုံးပြုကာ ကျောင်းသားများနှင့် သင်ကြားသင်ယူမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ILBC Home-based Learning အစီအစဉ်ပေါ်တွင် တိုက်ရိုက်ဆက်သွယ် သင်ကြားခြင်း (Audio-Video Live Conferencing) အစီအစဉ် များအပြင် ပုံများ၊ စာအုပ်များ၊ အသံဖိုင်များ၊ ဗီဒီယိုဖိုင်များ၊ ကွန်ပျူတာဖိုင်များနှင့် Screen Sharing နည်းပညာ အသုံးပြု၍ သင်ကြားလေ့ကျင့် ပေးသွားမည်ဖြစ်ပါသည်။

## သီးသန့် အီလက်ထရောနစ် ဆက်သွယ်ရေးစနစ် (Privacy Policy)

ILBC Home-based Learning အစီအစဉ်တွင် အသုံးပြုမည့် အီလက်ထရောနစ် ဆက်သွယ်ရေး စနစ်များသည် မည်သူမဆို အသုံးပြုနိုင်သော စနစ်များမဟုတ်ဘဲ ILBC ကျောင်းသား၊ ဆရာနှင့် မိဘများသာ အသုံးပြု၍ရသော စနစ်များကိုသာ သုံးရန် စီစဉ်ထားပါသည်။

## အင်တာနက် နယ်နိမိတ် (Internet Domain Policy)

ILBC Home-based Learning အစီအစဉ်တွင် အသုံးပြုမည့် Domain သည် ILBC ၏ ကိုယ်ပိုင် Domain များဖြစ်သည့် https://ilbc.edu.mm နှင့် https://ilbcpreschool.edu.mm တို့ကို အသုံးပြုသွားမည် ဖြစ်ပါသည်။

ILBC ကျောင်း၏ မူပိုင် e-mail များဖြစ်ကြသော https://ilbc.edu.mm နှင့် https://ilbcpreschool.edu.mm တို့ကို အသုံးပြုသူ မည်သူမဆို တိကျစွာလိုက်နာရမည့် စည်းကမ်းချက်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) ILBC ၏ မူပိုင် e-mail များကို ကျောင်းကဖွင့်လှစ်သော Home-based Learning အစီအစဉ်များတွင်သာ အသုံးပြုရမည်။

(၂) ILBC ၏ မူပိုင် e-mail များကို ကျောင်းချိန်ပြင်ပတွင် အသုံးမပြုရ။

(၃) ILBC ၏ မူပိုင် e-mail များကို ကျောင်းချိန်ပြင်ပတွင် အသုံးပြုခဲ့၍ ဖြစ်ပေါ်လာနိုင်သည့် လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာ အစရှိသည့် နောက်ဆက်တွဲ အငြင်းပွားမှု၊ သဘောထားကွဲလွဲမှု အရှုပ်အရှင်း ကိစ္စအရပ်ရပ်တို့သည် အသုံးပြုသူ၏ တာဝန်သာဖြစ်သည်။ ILBC နှင့် လုံးဝ (လုံးဝ) သက်ဆိုင်မည်မဟုတ်ပါ။

(၄) ILBC ၏ မူပိုင် e-mail များကို Home-based Learning အစီအစဉ်အတွက် အသုံးပြုခွင့်ရသူ၏ Home-based Learning အစီအစဉ်နှင့် သက်ဆိုင်ခြင်းမရှိသော ၄င်း၏ကိုယ်ရေးကိုယ်တာအတွက် အသုံးပြု လုပ်ဆောင်ချက်များသည် ILBC ကျောင်းကို ကိုယ်စားမပြုပါ။ ILBC ကျောင်းနှင့် သက်ဆိုင်ခြင်းမရှိပါ။

(၅) ကျောင်းသားအတွက် အသုံးပြုခွင့်ပေးထားသော ILBC ၏ မူပိုင် e-mail ကို ကျောင်းသားမှတပါး မည်သူမှ မသုံးစွဲရ။

(၆) ဆရာဆရာမများအတွက် အသုံးပြုခွင့်ပေးထားသော ILBC ၏ မူပိုင် e-mail ကို ဆရာဆရာမမှတစ်ပါး မည်သူမှ မသုံးစွဲရ။

(၇) Home-based Learning သင်တန်းပြီးဆုံးသည့်ကာလတွင် Home-based Learning အစီအစဉ်အတွက် အသုံးပြုခွင့်ပြုထားသော ILBC ၏ မူပိုင် e-mail များအသုံးပြုခွင့်ကို ပြန်လည်ပယ်ဖျက်ရုပ်သိမ်းမည် ဖြစ်သည်။

(၈) Home-based Learning သင်တန်းတွင် ပါဝင်ပတ်သက်ခြင်းမရှိတော့သည့် ကျောင်းသား၊ ဆရာနှင့် ဝန်ထမ်းများ အသုံးပြုခဲ့သော ILBC ၏ မူပိုင် e-mail များကို အချိန်နှင့်တပြေးညီ ပယ်ဖျက် ရုပ်သိမ်းမည် ဖြစ်သည်။

(၉) Home-based Learning အတွက် အသုံးပြုရန် ခွင့်ပြုထားသော ILBC ၏ မူပိုင် e-mail များကို အသုံးပြု၍ တရားဥပဒေနှင့်ဆန့်ကျင်သော မည်သည့်အသုံးပြုမှုကိုမျှ ခွင့်မပြုပါ။

(၁၀) ILBC ၏ မူပိုင် e-mail များအသုံးပြုမှုနှင့်ပတ်သက်၍လည်းကောင်း၊ ILBC ၏ မူပိုင် Home-based Learning ဆိုင်ရာ စာသားများ၊ မူဝါဒများ၊ သင်ကြားရေး အထောက်အကူပြုပစ္စည်းများ၊ အီလက်ထရောနစ် ကိရိယာများကို ကူးယူသုံးစွဲခြင်း၊ ဖြန့်ဝေခြင်း မပြုရ။

(၁၁) ILBC ၏ မူပိုင် e-mail များကို အသုံးပြုရာတွင် ILBC ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှ ချမှတ်ထားသော ဤမူဝါဒလမ်းညွှန်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(၁၂) ILBC ၏ မူပိုင် e-mail များကို အသုံးပြုရာတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရမည်။

## ကောင်းသည်ထက်ကောင်းစေရေး (Improvement Policy)

စတင်မည့် ပထမရက်သတ္တပတ်တွင် အရာခပ်သိမ်းသည် ပြီးပြည့်စုံကောင်းမွန်နေမည် မဟုတ်ပေ။ ကျောင်းသူ၊ ကျောင်းသားများအား တိုက်တွန်းအားပေးထားသကဲ့သို့ပင် ဆရာ၊ ဆရာမများကလည်း အသစ်အသစ်သော အရာများကို တိုးမြှင့်လုပ်ဆောင်လျက် ရှိကြပါသည်။ အချို့သော သင်ကြားမှု

နည်းစနစ်များသည် အလွန် ကောင်းမွန် ပေမည်။ အချို့သည်လည်း အဆင်မပြေဖြစ်နိုင်ပါသည်။ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသား များအနေဖြင့် အဆင်မပြေသည့် အချက်များမှ သင်ခန်းစာရယူကာ အပြောင်းအလဲများ ပြုလုပ်၍ ပို၍ကောင်းမွန် အောင်မြင်အောင် လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ မိဘများ၊ ဆရာဆရာမများ၊ ကျောင်းသားများ၏ သည်းညည်းခံမှု၊ စိတ်ရှည်မှု၊ ပူးပေါင်းပါဝင်မှု၊ နားလည်မှုတို့ဖြင့်သာ အွန်လိုင်းလေ့လာမှုပတ်ဝန်းကျင်ကောင်းကို ကလေးများ၏အနာဂတ်တွင် ဆက်လက် အသုံးပြုနိုင်စေရေးအတွက် ဝိုင်းဝန်းတည်ဆောက်ကြခြင်းပင် ဖြစ်ပါသည်။ သည်းညည်းခံမှု၊ စိတ်ရှည်မှု၊ ပူးပေါင်းပါဝင်မှု၊ နားလည်မှုတို့ကို ရင်းနှီးမြှုပ်နှံ၍ ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက် သွားရန်လိုအပ် ပါသည်။

## ILBC Home-based Learning အစီအစဉ်တွင် သင်ယူသူများ လိုက်နာရန်စည်းကမ်းများ (Netiquettes Policy)

### တိကျစွာ လိုက်နာဆောင်ရွက်ရန်

ILBC Home-based Learning အသုံးပြုနေစဉ် -

(၁) သူတစ်ပါး၏ ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်ကို အလေးထား၍ မထိပါးစေရန် ဂရုပြုပါ။

(၂) မိမိပြုသမျှအတွက် မိမိတွင် တာဝန်ရှိသည်ကို ဂရုပြုပါ။

(၃) တစ်ပါးသူတို့၏ အသုံးပြုမှုများကို ဝင်ရောက်ကြည့်ရှု ခြင်း၊ အခွင့်မရှိဘဲကူးယူခြင်းများ မပြုမိစေရန် ဂရုပြုပါ။

(၄) မိမိ၏ မိသားစု၊ မိမိနှင့် သိကျွမ်း ပြီးသား မိတ်ဆွေ သူငယ်ချင်းများနှင့် ဆက်သွယ်ရန် သာ အသုံးပြုပါ။

(၅) ကျောင်းသင်ခန်းစာများအတွက် သိရှိရန်လိုသော သတင်းအချက်အလက်များ ရှာဖွေရန်သာ အသုံး ပြုပါ။

(၆) အင်တာနက်ပေါ်မှ ခြိမ်းခြောက်ခြင်းခံရပါက တစ်ဦးဦး ကို အမြန်ဆုံး အသိပေးပါ။

(၇) မိမိ၏ လျှို့ဝှက်နံပါတ်တွင် နံပါတ်များ၊ သင်္ကေတများ ထည့်သွင်းထားရန် ဂရုပြုပါ။ လျှို့ဝှက်နံပါတ်ကို မကြာခဏ ပြောင်းပေးပါ။

(၈) သင်ခန်းစာများကို ဒေါင်းလုပ်မလုပ်မီ Virus Scan ဦးစွာ ဆောင်ရွက်ပါ။

(၉) User name တွင် မိမိကို အသိများသောအမည် ဖြင့် အသုံးပြုပါ။

(၁၀) ILBC ကျောင်းသားများအတွက် ရည်ညွှန်းပေးထား သော chat room များနှင့် စောင့်ကြည့်ထားပေး သော site များကိုသာ အသုံးပြုပါ။

(၁၁) Anti-virus software များကို ပုံမှန်သက်တမ်း တိုး၍ အသုံးပြုပါ။

## တိကျစွာ ရှောင်ကြဉ်ရန်

ILBC Home-based Learning အသုံးပြုနေစဉ် -

(၁) မိမိကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များ ကို မျှဝေခြင်းမပြုရ။

(၂) အခြားသူများနှင့်လည်းကောင်း၊ အတန်းဖော်များနှင့် လည်းကောင်း ILBC Home-based Learning ကို သုံး၍ Online တွင် တွေ့ဆုံရန် မိမိသဘော အလျှောက် မိမိအစီအစဉ်ဖြင့် တွေ့ဆုံရန် ဆောင်ရွက်ခြင်း မပြုရ။

(၃) အွန်လိုင်းတွင် မည်သူနှင့်မျှ မည်သည့်အခါမှ တစ်ဦးချင်း မတွေ့ဆုံရ။

(၄) မိမိ၏ လျှို့ဝှက်နံပါတ်ကို မည်သူ့ကိုမျှ မပေးရ။

(၅) မိမိ၏ လျှို့ဝှက်နံပါတ်ကို ကာလတာရှည် မသုံးရ။

(၆) ILBC Home-based Learning အစီအစဉ်များမှ သတင်းအချက် အလက်များကို ကူးယူ၍ တစ်ပါးသူများသို့ ပြန်လည် ဖြန့်ဝေခြင်းမပြုရ။

(၇) ကူးယူမည့် စာများ၊ သံစဉ်များ၊ အစီအစဉ်များ အစရှိ သည်တို့ကို မူရင်းပိုင်ရှင်၏ ခွင့်ပြုချက် မပါဘဲ ကူးယူ ခြင်း မပြုရ။

(၈) မိမိနှင့်မသက်ဆိုင်သော အရာများကို မဖွင့်ရ။

(၉) မိမိမသိသော အမည်ဖြင့်ပေးပို့သော အရာများကို မဖွင့်ရ။

(၁၀) မိမိနှင့် မိမိ၏မိသားစုတို့၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ၊ ငွေစာရင်း အချက်အလက် များကို မည်သူက တောင်းသည်ဖြစ်စေ မပေးရ။

(၁၁) မိမိအတွက် အသုံးပြုရန် သတ်မှတ်ပေးထားသည့် e-mail address ကို သင်ကြားလေ့လာမှုမှ လွဲ၍ မည်သည့်အတွက်မှ အသုံးမပြုရန်။

(၁၂) မိမိ၏ user name နှင့် password ကို မည်သူ့ကိုမျှ အသိမပေးရ။

(၁၃) ILBC Home-based Learning အစီအစဉ်ဖြင့် စာသင်ကြားနေစဉ်အတွင်း ဆရာ ဆရာမကိုသော် လည်းကောင်း၊ ကျောင်းသားကိုသော်လည်းကောင်း၊ ကျောင်းသား အချင်းချင်းကိုသော်လည်းကောင်း ရှုန့်ရင်း ကြမ်းတမ်းသော စကားများ ပြောဆိုခြင်း၊ မက်ဆေ့ချ်ပေးပို့ခြင်း၊ ဗီဒီယိုမှတစ်ဆင့် မသင့်လျော်မဖွယ်ရာသော အပြုအမူများ ပြမူခြင်း၊ ဆရာ၏ သင်ကြားမှုအား အနှောက်အယှက်ဖြစ်စေခြင်း၊ စာသင်ချိန်တွင် စာသင်ကြားမှုကို ဝင်ရောက်စွက်ဖက်ခြင်းတို့ ပြုလုပ်သည် (သို့မဟုတ်) ပြုလုပ်သည်ဟု ယူဆရသော ကျောင်းသားသည် HBL အစီအစဉ်မှ အပြီးတိုင် ထုတ်ပယ်ခံရမည် ဖြစ်ပါသည်။

## ကျူရှင်ဆိုင်ရာ ရပ်တည်ချက် မူဝါဒ (Private Tutoring Policy)

(၁) ILBC ၏ သင်ရိုးညွှန်းတမ်းအရ သင်ကြားသင်ယူမှု လုပ်ငန်းတွင် ဆရာ ဆရာမတို့က ကျောင်းသားတို့ မိမိတို့အလုပ် မိမိတို့လုပ်နိုင်စေရေးအတွက် မိမိကိုယ်မိမိ အားကိုးတတ်လာစေရေးအတွက် သင်ယူမှု ပတ်ဝန်းကျင် ဖန်တီးပေးသော ကဏ္ဍတွင်သာ ပါဝင်ကြပါသည်။

(၂) ကျောင်းသားတို့ လေ့ကျင့်ခန်းများ လုပ်ကိုင်ကြရာတွင် ကျောင်းသားတို့ကိုယ်တိုင် အားထုတ်လုပ်ကိုင်တတ်စေရန် ရည်ရွယ်၍ သင်ခန်းစာလေ့ကျင့်ခန်းများတွင် ကိုယ်တိုင်စဉ်းစားစရာများ၊ ကိုယ်တိုင် ရှာဖွေစရာများ၊ ကိုယ်တိုင်ဆန်းစစ်စရာများ၊ ကိုယ်တိုင်တွက်ချက်စရာများ ထည့်သွင်း၍ လေ့ကျင့်ခန်းများကို လုပ်ကိုင်စေသည်။

(၃) မိမိ၏ရင်သွေးသည် ထိုသို့ကိုယ်တိုင်လုပ်ကိုင်ရမည်ကို မိဘများမှ နားလည်တိုက်တွန်းအားပေးရန် လိုပါသည်။

(၄) မလိုက်နိုင်ဖြစ်နေသည်ဟု ယူဆမိ၍ ကျူရှင်ပေးပါက မိမိရင်သွေး၏ ကိုယ်တိုင်ကြိုးစားလုပ်ကိုင်နိုင်ခွင့် ဆုံးရှုံးပြီး တစ်ပါးသူတို့ကို အမြဲတစေ အားကိုးနေရမည့် အခြေအနေသို့ ရောက်ရှိပါလိမ့်မည်။

(၅) သို့ဖြစ်၍ မိမိရင်သွေးအား ကိုယ်တိုင်စဉ်းစား၊ ကိုယ်တိုင် ရှာဖွေ၊ ကိုယ်တိုင်ဆန်းစစ်၊ ကိုယ်တိုင်တွက်ချက်ရန် အားပေးပြီး အခက်အခဲရှိပါက ကျောင်းသားရေးရာနှင့် ဆက်သွယ်၍ သက်ဆိုင်ရာဆရာမများမှ ကူညီ သင်ကြားပါမည်။

(၆) ILBC သည် ကျောင်းသားများ သူတစ်ပါးအပေါ် အားကိုးရခြင်းကို လုံးဝ (လုံးဝ) အားမပေးပါ။

(၇) ILBC သည် ILBC ဆရာ ဆရာမများအားလုံးအား ကျူရှင်မပြရန် စည်းကမ်းသတ်မှတ်ထားပါသည်။

## အချိန်ဇယား (Time table Policy)

ILBC Home-based Learning သင်တန်းများအတွက် အချိန်ဇယားကို ကြိုတင်၍ ထုတ်ပေးမည်ဖြစ်ပါသည်။ အချိန်ဇယားပါ ပို့ချမည့်ဆရာ၊ ပို့ချမည့်ဘာသာရပ်၊ ပို့ချမည့် အချိန်နာရီ၊ ပို့ချမည့် ကာလအရှည် တို့အတိုင်း သင်ယူမှုကိုဆောင်ရွက်ရမည်ဖြစ်သည်။ အချိန်ဇယားပြင်ပတွင် ဆရာနှင့် ကျောင်းသားသည်လည်းကောင်း၊ ကျောင်းသားအချင်းချင်းသော်လည်းကောင်း ILBC Home-based Learning Platform ပေါ်တွင် တွေ့ဆုံကြရန် မလိုအပ်ပါ။ အချိန်ဇယားပါ ညွှန်ကြားချက်များအတိုင်း တိကျစွာ ဆောင်ရွက်ရန်လိုပါသည်။

## အချိန်တိကျခြင်း (Punctuality Policy)

ဆရာများ၊ ဗကျောင်းသားများနှင့် အထောက်အကူပြု ပုဂ္ဂိုလ်များအားလုံး အချိန်ဇယားပါ အချိန်အတိုင်း အတိအကျ လိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

## နောက်ကျခြင်း (Tardiness Policy)

ဆရာ၊ ကျောင်းသားနှင့် အထောက်အကူပြု ပုဂ္ဂိုလ်များအားလုံး Home-based Learning သင်ကြားသင်ယူမှု အစီအစဉ်သို့ တက်ရောက်ရာတွင် နောက်ကျခြင်းမရှိအောင် ကြိုတင်စီမံဆောင်ရွက်ထားရမည်။ နောက်ကျခြင်းသည် သင်ယူမှုပတ်ဝန်းကျင် တစ်ခုလုံးကို ဆိုးရွားစွာ ထိခိုက်စေသည်။

## ဆရာများ၏ဝန်းရံမှု (Teachers' Avalibility Policy)

ဆရာများသည် အချိန်ဇယားပါ သတ်မှတ်ချိန်အတိုင်း အချိန်ပြည့်ရှိနေကြမည်ဖြစ်သည်။

## နေ့စဉ်သင်ယူမှု (Daily Routines Policy)

သင်ယူသူများ၏ နေ့စဉ်သင်ယူမှုသည် ထိရောက်သောသင်ယူမှုကို ဖြစ်စေပါသည်။ ပျက်ကွက်ခြင်းများသည် Home-based Learning အစီအစဉ်၏ ထိရောက်သော သင်ယူမှုကို ထိခိုက်စေပါသည်။

## ကျောင်းခေါ်ချိန် ပေါ်လစီ (Attendance Policy)

ILBC Home-based Learning အစီအစဉ်တွင် တက်ရောက်သင်ယူသော ရက်များကို ပုံမှန်ကျောင်းဖွင့်သည့် ကာလတွင် ပြည့်မီရန်လိုအပ်သည့် စာသင်နှစ်တစ်နှစ်လုံး ကျောင်းခေါ်ချိန် စုစုပေါင်း၏ (၇၅)ရာခိုင်နှုန်း တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်မည်ဖြစ်၍ Home-based Learning သင်ယူမှုတွင် ပျက်ရက် အနည်းဆုံး ဖြစ်စေရန် လိုအပ်သည်။ Home-based Learning တွင် တက်ရောက်သော စုစုပေါင်း ကျောင်းတက်ရက်နှင့် ပုံမှန်ကျောင်းများ ပြန်ဖွင့်သည့်အခါ တက်ရောက်သော ကျောင်းတက်ရက်ပေါင်းသည် နောက်တစ်တန်းသို့ ဆက်လက်တက်ရောက်ရန် စာမေးပွဲဖြေဆိုခွင့်အတွက် လိုအပ်သည့် ကျောင်းခေါ်ချိန် (၇၅) ရာခိုင်နှုန်းပြည့်မီရန်လိုအပ်သည်။ Home-based Learning ကျောင်းတက်ရက်နှင့် ပုံမှန်ကျောင်း များပြန်ဖွင့်သည့်အခါ ကျောင်းတက်ရက်စုစုပေါင်းသည် စာသင်နှစ်တစ်နှစ်လုံးအတွက် ကျောင်းခေါ်ချိန်၏ (၇၅)ရာနှုန်း မပြည့်မီပါက နောက်တစ်တန်းသို့ဆက်လက်တက်ရောက်ရန် စာမေးပွဲဖြေဆိုခွင့်မရပါ။

ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများ၏ ပျက်ကွက်စာရင်းကို နေ့စဉ်ပြုလုပ်ရပါမည်။ Student Attendance Record ကို Meeting Schedule ပြုလုပ်သူတစ်ယောက်တည်းသာ ပြုလုပ် နိုင်သည့်အတွက် -

(၁) Morning Section (Kg to Primary 4) အတန်းများကို Class Teacher မှ ပြုလုပ်ပြီး First Period or Last Period အတွင်း download လုပ်ပေးရန်။

(၂) Afternoon Section (Primary 5 to Secodary 6) အတန်းများကို အချိန်အလိုက် သင်ကြားမည့် ဆရာ ဆရာမများမှ မိမိဘာသာရပ်၏ Subject Channel တွင် Meeting Schedule ကိုယ်တိုင်ပြုလုပ်ပြီး စာသင်ချိန်အတွင်း ဒေါင်းလုပ်လုပ်ပေးရန်။

(၃) Download ပြုလုပ်ထားသည့် File များကို မိမိကိုယ်ပိုင် Folder ဖွဲ့ပြီး (Class, Section, Time, City or School and Date - eg : Primary 1 G (10:00 to 11:00) MDY 1-6-2020) နာမည်ဖြင့် သိမ်းဆည်းကာ အပတ်စဉ် teamadmin@ilbc.edu.mm သို့ပေးပို့ရမည်။

## ပြန်လည်ဖြည့်ဆည်းသင်ကြားခြင်း မူဝါဒ (Remedial Policy)

(၁) ပြန်လည်ဖြည့်ဆည်းသင်ကြားခြင်းအစီအစဉ်သည် Home-base Learning အစီအစဉ်တွင် တက်ရောက် လိုသော်လည်း **အခက်အခဲအကြောင်းအမျိုးမျိုး အခြေအနေအမျိုးမျိုးကြောင့်** တက်ရောက်နိုင်ခြင်း မရှိသော ကျောင်းသားများအတွက် အထူးအစီအစဉ်ဖြစ်ပါသည်။

(၂) Home-based Learning တွင် ဖွင့်လှစ်ပြီး နှစ်လကြာအထိ တက်ရောက်နိုင်ခြင်း မရှိသော ကျောင်းသားများ နှစ်လပျက်ကွက်ပြီးမှ စတင်တက်ရောက်ပါက နောက်ကျသင်ခန်းစာများအတွက် အွန်လိုင်းမှ ပြန်လည် ဖြည့်ဆည်းသင်ကြားခြင်းဖြစ်သည်။

(၃) Home-based Learning အစီအစဉ်တွင် တတ်နိုင်သမျှ ကြိုးစား၍ မပျက်မကွက်တက်ရောက်ရန် လိုပါသည်။

(၄) ပြန်လည်ဖြည့်ဆည်းသင်ကြားခြင်းအတွက် သင်တန်းကြေး ထပ်မံပေးသွင်းရမည်ဖြစ်ပါသည်။

## ကျောင်းသားများလိုက်နာရန် (Expectations For Student Policy)

(၁) ILBC Home-based Learning အစီအစဉ်မှ ထိရောက်သော သင်ယူမှုရရှိစေရန် ကျောင်းသားသည် သင်ယူမှုအချိန်ဇယားပါ အစီအစဉ်များအတိုင်း တစ်ပတ်လျှင် (၅)ရက် နေ့စဉ်ဆောင်ရွက်နိုင်ရန် လိုအပ်သည် များကို ကြိုတင်စီစဉ် ဆောင်ရွက်ထားရမည်။

(၂) မိမိ၏နေအိမ်မှ သင်ယူရသည်ဖြစ်၍ နေအိမ်တွင် တိတ်ဆိတ်၍အဆင်ပြေသော နေရာထိုင်ခင်းကို ကြိုတင်ရွေးချယ်ထားပြီး အစီအစဉ်မစခင် (၁၀)မိနစ်အလိုတွင် နေရာယူပြီးဖြစ်ရမည်။

(၃) Microsoft TEAMS တွင် မိမိ၏ဆရာတို့က ပေးပို့ထားသော ညွှန်ကြားချက်နှင့် မှတ်ချက်များကို နေ့စဉ်စစ်ဆေးရမည်။

(၄) ILBC Home-based Learning တွင် ပေးအပ်သည့် အိမ်စာနှင့် လေ့ကျင့်ခန်းများကို စည်းကမ်းတကျ ရိုးသားမှုအပြည့်ဖြင့် ပြီးမြောက်အောင် လုပ်ဆောင်ပြီး သတ်မှတ်ချိန်အတွင်း အချိန်မီ ပြန်လည်ပေးပို့ရမည်။

(၅) အချိန်မီပေးပို့နိုင်ခြင်းမရှိပါက ဆရာ၊ဆရာမထံသို့ ဆက်သွယ်ရန် သတ်မှတ်ချိန်များအတိုင်း ဆက်သွယ်၍ ကြိုတင်သတင်းပို့ရမည်။

(၆) လိုအပ်ချက်များရှိပါက ဆရာ၊ ဆရာမများနှင့် ဆက်သွယ်ရန် သတ်မှတ်ချိန်များအတွင်း ဆက်သွယ်၍ဆွေးနွေး အကြံဉာဏ်ရယူရမည်။

(၇) ILBC Home-based Learning ကျောင်းသားအချင်းချင်း အစဉ်အမြဲ ရိုင်းပင်းကူညီကြရမည်။

(၈) ILBC Home-based Learning ကျောင်းသားများအားလုံးသည် ILBC ကျောင်းတော်ကြီး၏ မူလကျောင်းစည်းကမ်းများ အပါအဝင် Online ကမ္ဘာတွင် လိုက်နာစောင့်ထိန်းအပ်သော စည်းကမ်းများ အားလုံးကို လိုက်နာကြရမည်။

## မိဘများ၏ပူးပေါင်းဆောင်ရွက်မှု (Parents' Cooperation Policy)

(၁) မိမိရင်သွေးသည် အထီးကျန်မနေဘဲ ILBC Home-based Learning သင်ယူမှုတွင် အခြားသော ကလေးငယ်များအားလုံးနှင့် ပျော်ရွှင်စွာ ရင်ဘောင်တန်း၍ သင်ယူလေ့လာနိုင်ရန်အတွက် ဆရာ၊ ဆရာမများ သို့မဟုတ် ကျောင်းအုပ်ကြီးများနှင့် လိုအပ်သလိုဆက်သွယ်ပူးပေါင်း ဆောင်ရွက်နိုင်သည်။

(၂) မိမိရင်သွေး၏ ILBC Home-based Learning သင်ယူမှုအစီအစဉ်ကို ကောင်းစွာသိရှိနားလည်အောင် ဆောင်ရွက်ထားရန် လိုအပ်ပါသည်။

(၃) မိမိရင်သွေးသည် ILBC Home-based Learning သင်ယူမှုအစီအစဉ်တွင် ပျော်ရွှင်စွာ ပါဝင်လုပ်ကိုင်ဆောင်ရွက်နိုင်ရမည်ဟု ရည်ရွယ်၍ ကူညီပါ။

(၄) မိမိရင်သွေးနှင့် ပို့ချသူဆရာ၊ ဆရာမတို့၏ ဆက်သွယ်မှုကို သိနေရန် လိုအပ်ပါသည်။

(၅) မိမိရင်သွေး၏ ILBC Home-based Learning သင်ယူမှုအစီအစဉ်တွင် ပါဝင်မှုတိုင်းတွင် တက်ကြွစွာ ပံ့ပိုးပေးပါ။ သို့သော် သင်ယူချိန်တောက်လျှောက် စောင့်ကြည့်နေရန် မလိုအပ်ပါ။ အခါအားလျော်စွာ ဆရာမှ ပူးပေါင်းဆောင်ရွက် ရန်ဖိတ်ခေါ်သည့်အခါမှသာ ပူးပေါင်းပါဝင်ကူညီနိုင်ပါသည်။

(၆) ILBC Home-based Learning သင်ယူမှုအစီအစဉ်အတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများဖြစ်သော စာအုပ်၊ ခဲတံ၊ ရောင်စုံခဲတံ၊ ကာလာဆေးပင် စသည်များကို ပံ့ပိုးပေးရန် လိုအပ်ပါသည်။

(၇) ILBC Home-based Learning သင်ယူမှုအစီအစဉ်တွင် သင်ယူနေသော မိမိရင်သွေး အနှောင့်အယှက်ကင်းစွာ သင်ယူနိုင်ရေးအတွက် တိတ်ဆိတ်ငြိမ်သက်သော နေရာနှင့် အခြေအနေကို ဖန်တီးပေးရန် လိုအပ်ပါသည်။

(၈) မိမိရင်သွေးသည် ILBC Home-based Learning သင်ယူမှုအစီအစဉ်ထဲတွင် ၎င်းကိုယ်တိုင် လုပ်ကိုင်နိုင်မည်ဟု ယုံကြည်ပါ။

(၉) မိမိရင်သွေး၏ ILBC Home-based Learning သင်ယူမှုအစီအစဉ် ထိရောက်အောင်မြင်စေရန် အချိန်ပေးပါ။

(၁၀) မိမိရင်သွေးသည် ILBC Home-based Learning သင်ယူမှုအစီအစဉ်တွင် သင်ယူနေသည့် အချိန်တွင် မိဘများပါဝင်သင်ကြားရန် မလိုအပ်ကြောင်း သိရှိထားရမည်။

(၁၁) မိမိရင်သွေးသည် ILBC Home-based Learning သင်ယူမှုအစီအစဉ် ထိရောက်အောင်မြင်ရန် အတွက် အချိန်တစ်ခု လိုအပ်ပါသည်။ ထို့ကြောင့် မိမိရင်သွေးအား ကိုယ်ပိုင်အချိန်ပေးရန် လိုအပ်ပါသည်။

(၁၂) မိမိရင်သွေးအား ကျန်းမာစေရန် ကိုယ်ကာယဆိုင်ရာအားကစားလေ့ကျင့်ခန်းများ လုပ်ကိုင်စေရန် လိုအပ် ပါသည်။

(၁၃) မိမိရင်သွေး၏ ကိုယ်ကျန်းမာ စိတ်ချမ်းသာရေးသည် အရေးပါသည်ဖြစ်၍ ၎င်းတို့၏ အခက်အခဲများ၊ စိုးရိမ် ပူပန်မှုများ၊ ကြောင့်ကြနေမှုများ ရှိမရှိ ပုံမှန်စူးစမ်းနေရန် လိုအပ်ပါသည်။

(၁၄) မိမိရင်သွေးသည် ILBC Home-based Learning သင်ယူမှုအစီအစဉ်နှင့် မသက်ဆိုင်သော ပြင်ပအင်တာနက်သုံးစွဲမှုကို စောင့်ကြည့်ရန်လိုအပ်ပါသည်။

(၁၅) ILBC Home-based Learning သင်ယူမှုအစီအစဉ်တွင် ပါဝင်ပို့ချသည့် ဆရာ၊ ဆရာမများသည် မိဘများသို့ ပေးပို့ထား သော အချိန်ဇယားပါ အချိန်များ၏ ပြင်ပတွင် ကျောင်းသားနှင့် ဆက်သွယ်ခွင့်မရှိပါကြောင်း သိထားရန် လိုအပ်ပါသည်။

(၁၆) ILBC Home-based Learning သင်ယူမှုအစီအစဉ်တွင်အသက် (၅)နှစ်မှ (၈)နှစ်အရွယ် ကျောင်းသားများမှလွဲ၍ ၎င်းအထက် ကျောင်းသားများအတွက် မိဘများ၏ ပါဝင်ပတ်သက်မှု အနည်းဆုံးဖြစ်ပါလိမ့်မည်။

**ဆရာများ၏ လုပ်ငန်းတာဝန်များ (Teachers' Duties Policy)**

(၁) မိမိသင်ကြားမည့် အစီအစဉ်ကို (၁)ရက်ကြိုတင်၍ Microsoft Teams သို့မဟုတ် Google Classroom တွင် တင်ထားရမည်။

(၂) Home-based Learning အစီအစဉ်တွင် Meeting role များထားရှိရာ၌ ဆရာများ ကိုသာ Presenter Role ထားရှိပြီး ကျောင်းသားများအား Attendee Role သာပေးရမည်။

(၃) သင်ကြားမှုလိုအပ်ချက်အရ ကျောင်းသားအား Presenter Role ပေးရန်လိုအပ်ပါက အခြားသော ဆရာများနှင့် ကြိုတင်ညှိနှိုင်းတိုင်ပင် လုပ်ဆောင်ရမည်။ လိုအပ်ချက်ပြီးမြောက်ပါက ထိုကျောင်းသားအားပေးထားသည့် Presenter Role ကို ပြန်လည်ရုပ်သိမ်းပြီး မူလ Attendee Role သို့ ပြန်လည် ထားရှိရမည်။

(၄) ILBC Home-based Learning သင်ကြားမှုအစီအစဉ်တွင် အသုံးပြုမည့် Activities များသည် ကျောင်းသားများ လွယ်ကူစွာ ပူးပေါင်းဆောင်ရွက်နိုင်သည့် အစီအစဉ်များဖြစ်ရမည်။

(၅) ILBC Home-based Learning သင်ကြားမှုအစီအစဉ်တွင် ဆရာက ကျောင်းသားများ အချင်းချင်း အမြင်ဖလှယ်နိုင်သည့် အခွင့်အရေး၊ ဆွေးနွေးနိုင်သည့်အခွင့်အရေး၊ ပူးပေါင်း ဆောင်ရွက်နိုင်သည့် အခွင့်အရေး ရရှိစေရန် စီစဉ်ဆောင်ရွက် ရမည်။

(၆) ကျောင်းသားများအား ၎င်းတို့၏ အားသာချက်၊ အားနည်းချက်တို့အပေါ် ပိုမိုကောင်းမွန် လာအောင် မည်သို့ ဆက်လက်ဆောင်ရွက်ရမည်ကို မှတ်ချက်ပေးခြင်းပြုရမည်။

(၇) ILBC Home-based Learning သင်ကြားမှုအစီအစဉ်တွင် ကျောင်းသားများကိုယ်တိုင် သင်ယူနိုင်စေရန် ကျောင်းသား၏ ကိုယ်ပိုင် သင်ယူမှုအချိန်ပေးရမည်။

(၈) သင်ကြားမည့် အစီအစဉ်ပါ အကြောင်းအရာများကို မိဘ၊ ဆရာ၊ ကျောင်းသားများ သိသာစေရန် Microsoft Teams သို့မဟုတ် Google Classroom တွင် တင်ပြထားရမည်။

(၉) တင်ပြထားသော သင်ကြားမည့်အစီအစဉ်ပါ အကြောင်းအရာမှလွဲ၍ မည်သည့်အကြောင်းအရာမှ သင်ကြား ဆွေးနွေးခြင်းမပြုရ။

(၁၀) ILBC Home-based Learning သင်ကြားမှုအစီအစဉ်သည် ကျောင်းသားများ ကွန်ပျူတာ မှန်သားပြင်ကြည့်ရသည့် အချိန် အနည်းဆုံးဖြစ်စေရန် စီစဉ်ရမည်။

(၁၁) ဆရာများသည် အတန်းတွင် သင်ကြားမှုလိုအပ်ချက်အရ သင်ကြားရေး အထောက်အကူပြု ဗီဒီယိုများ ပြသနိုင်ပြီး ပြသချိန်ကို တစ်ခါပြလျှင် (၅)မိနစ်ထက် မပိုသောအချိန်ကိုသာ အသုံးပြုရမည်။

(၁၂) ကျောင်းသားများသည် ILBC Home-based Learning သင်ယူမှုအစီအစဉ်တွင် ပါဝင်သင်ယူနေသည့်အခါ ကွန်ပျူတာမှန်သားပြင် ရှေ့တွင် ထိုင်စရာမလိုဘဲ ဆောင်ရွက်ရမည့် အတန်းတွင်းလုပ်ငန်းစဉ်များ ပါဝင်ရမည်။

## ပညာရေးအတိုင်ပင်ခံ၏ တာဝန် (Counsellor's Duties Policy)

(၁) HBL သင်ကြားမှုအစီအစဉ်တွင် ပျက်ကွက်သော ကျောင်းသားများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာ ဆရာနှင့် ညှိနှိုင်းတိုင်ပင်၍ ဖြည့်ဆည်းရန်။

(၂) ကျောင်းသား၊ မိဘ နှင့် ဆရာ တို့၏ကြားတွင် ညှိနှိုင်းမှုများ ဆောင်ရွက်ပေးရန်။

(၃) မိဘနှင့် ကျောင်းသားများ တိုင်ပင်ညှိနှိုင်းမှုဆောင်ရွက်နိုင်ရန် သတ်မှတ်ရုံးချိန်အတွင်း အွန်လိုင်းမှတစ်ဆင့် အချိန်ပြည့် အကူအညီပေးရန်။

(၄) ကျောင်းသားတို့ အဆင်ပြေချောမွေ့စွာ သင်ယူနိုင်ရေးအတွက် ဆရာများအား ကူညီပေးရန်။

## အထောက်အကူပြု ဝန်ဆောင်မှုအဖွဲ့ (Supported Services Policy)

(၁) HBL သင်ယူမှုအစီအစဉ်အောင်မြင်စေရန် ILBC IT ပညာရှင်များက သင်ကြားရေးအဖွဲ့များကို လိုအပ်သော နည်းပညာများကို ကူညီရမည်။

(၂) သင်ယူသူများ၏ နည်းပညာဆိုင်ရာအခက်အခဲများပေါ်ပေါက်လာပါက အွန်လိုင်း သို့မဟုတ် တယ်လီဖုန်းဖြင့် နည်းပညာဆိုင်ရာများ ပံ့ပိုးကူညီပေးရန်။

**Home-based Learning အစီအစဉ်တွင် ပါဝင်သင်ယူလိုသော ကျောင်းသားတွင်ရှိရမည့် အထောက် အကူပစ္စည်းများ (Device Requirement Policy)**

(၁) PC (Web cam, Mic) သို့မဟုတ် Laptop သို့မဟုတ် Tablet သို့မဟုတ် Smart Phone (Android, IOS)

(၂) PC နှင့် Laptop တွင် OS Version မှာ Window 10 ဖြစ်ရပါမည်။

(၃) Android Phone Version တွင် အနည်းဆုံး 4.4 နှင့်အထက် ဖြစ်ရပါမည်။

(၄) IOS Version တွင် အနည်းဆုံး 10.0 နှင့်အထက် ဖြစ်ရပါမည်။

**ဆက်သွယ်ရေးမူဝါဒ (Communication Policy)**

(၁) Home-based Learning သင်တန်းအချိန်ဇယားတွင် သတ်မှတ် ထားသော သင်တန်းချိန်မှလွဲ၍ မည်သည့် ဆရာ၊ ဆရာမ၊ ဝန်ထမ်းကိုမျှ ကျောင်းသားနှင့်သော်လည်းကောင်း၊ မိဘနှင့် သော်လည်းကောင်း သီးခြားဆက်သွယ် ပြောဆိုခြင်းကို ခွင့်မပြုပါ။

(၂) သင်ကြားရေးနှင့်ပတ်သက်သည့်ကိစ္စများ ဆက်သွယ်ဆွေးနွေးလိုပါက ကျောင်းသားရေးရာဌာနသို့ ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်။

(၃) တိုင်ပင်ဖွယ်ရာများရှိပါက မိမိတို့အားပေးထားသော e-mail များမှတစ်ဆင့် ရေးသား၍ ဆက်သွယ်တိုင်ပင် ဆွေးနွေး နိုင်ပါသည်။

(၄) တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးရန် လိုအပ်ပါက ကျောင်းသားရေးရာဌာနမှ တစ်ဆင့် ဆက်သွယ် ဆွေးနွေးနိုင်ပါသည်။

(၅) Video Conferencing ဖြင့် တွေ့ဆုံရန်လိုအပ်လာပါက ကျောင်းသားရေးရာဌာနမှတစ်ဆင့် သက်ဆိုင်ရာ ဆရာ၊ ဆရာမ၊ ကျောင်းအုပ်ကြီးများ၊ ပညာရေးအတိုင်ပင်ခံများနှင့် Online တွင် သီးခြားတွေ့ဆုံရန် စီစဉ်၍ တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

ဆက်သွယ်နိုင်သော ကျောင်းသားရေးရာဌာန ဖုန်းနံပါတ်များ

- **ILBC KYAIKKASAN (YANGON)**
  Tel: 01 9542 982, 9545 720,8400 156, 9549 106, 09 262773008
  *Hot Line:* 09 400777780, 09 400777790

- **ILBC (MANDALAY)**
  Tel: 09 402 641280, 09 444 026195, 09 448 488145
  *Hot Line*: 09 777711115, 09 777711116

- **ILBC MONYWA**
  Tel: 071 21711, 09 444413221, 09 444413220

- **ILBC MYITKYINA**
  Tel: 074 2522266, 2522695, 09 493 26678

- **ILBC TAUNGOO**
  Tel: 054-25746, 09 333 59200

- **ILBC TAUNGGYI**
  Tel: 081-2124885, 206644, 206795

- **ILBC LASHIO**
  Tel: 082- 2930421, 09 2560 72478

- **ILBC MYEIK**
  Tel: 09 8627077, 09 8763521

- **ILBC NAY PYI TAW**
  Tel: 067-422170, 422171, 422172, 422

ILBC ကျောင်းသည် မြန်မာပြည်၏ အပြည်ပြည်ဆိုင်ရာ ပညာရေးနယ်ပယ်တွင် ကျောင်းသားများအတွက် အကောင်းဆုံး ဆောင်ရွက်သင်ကြားလာသည့်မှာ (၂၅)နှစ်ခရီး တိုင်ခဲ့ပြီဖြစ်ပါသည်။ ထို့အတူ အွန်လိုင်းမှ တစ်ဆင့် သင်ကြား သင်ယူမှုများတွင်လည်း ကျောင်းသားများ ပျော်ရွှင်စွာ သင်ယူနိုင်ရေး အတွက် အကောင်းဆုံးဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကျောင်းအုပ်ချုပ်ရေးအဖွဲ့**